ပုံစံ (၁၁)

## ခုံသမာဓိကောင်စီ

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၃ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၄/၂၀၂၃)

| | |
|---|---|
| အလုပ်ရှင် ဒေါ်သီတာအေး (Director)<br>ဒေါ်ခင်စိုးထိုက် (Legal Counsel)<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Oway Travel & Tour Co.,Ltd<br>အမှတ်(၇/၂)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| အလုပ်သမား ဦးဝေမိုးလွင်နှင့် ဦးလားရမ်ဇာအာ<br>(ယာဉ်မောင်းများ)<br>အမှတ်(၂၉)၊ မင်္ဂလာလမ်းမြို့သစ်၊ အနောက်ရပ်ကွက်၊<br>သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ အမှတ်(၇/၂)ရှိ Oway Travel & Tour Co.,Ltd အလုပ်ရှင် ဒေါ်သီတာအေး(Director)၊ ဒေါ်ခင်စိုးထိုက် (Legal Counsel) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) နှင့် ယာဉ်မောင်း အလုပ်သမား ဦးဝေမိုးလွင်နှင့် ဦးလားရမ်ဇာအာ တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဗဟန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အောက်ပါအတိုင်း ကောက်ချက်ချ၍ ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ကြပါသည်။

**ကောက်ချက်။** (၁) ဦးဝေမိုးလွင် နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်ခွင့်ရှိ/မရှိ။

(၂) ဦးလားရမ်ဇာအာ နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်ခွင့်ရှိ/မရှိ။

**ဆုံးဖြတ်ချက်။** (၁) ဦးဝေမိုးလွင် နို့တစ်ကြေးလဝက်စာ ၁၅၀,၀၀၀/-နှင့် လုပ်သက်အလိုက် ရပ်စဲမှုနစ်နာကြေးအဖြစ် ၅လစာ (၃၀၀,၀၀၀/- ×၅လ= ၁,၅၀၀,၀၀၀/-) စုစုပေါင်း ၁၆၅၀၀၀၀/-( ကျပ်တစ်ဆယ့်ခြောက်သိန်းငါးသောင်းတိတိ) ပေးရန် ဆုံးဖြတ်သည်။

(၂) ဦးလားရမ်ဇာအာ နို့တစ်ကြေးပေးရန်မလို၊ လုပ်သက်အလိုက် ရပ်စဲမှုနစ်နာကြေးအဖြစ် ၄လစာ (၂၅၀,၀၀၀/- × ၄လ = ၁,၀၀၀,၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ) ပေးရန် ဆုံးဖြတ်သည်။

၂။ အထက်ပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အလုပ်ရှင်မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီထံသို့ လျှောက်ထားတင်ပြခဲ့ရာ ခုံသမာဓိကောင်စီသည် ရုံးအမိန့်စာအမှတ် (၁၉၇/၂၀၂၃)ဖြင့် ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ ဒေါက်တာစောယုဝင်း (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၃။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ဝင်များသည် အငြင်းပွားမှုပြေငြိမ်းပြီးပြတ်စေရေးအတွက် ၅-၁၂-၂၀၂၃ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးခဲ့ရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၂၃(က)အရ **“သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်”** ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါ ကူးစက်မှုမဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ၅-၁၂-၂၀၂၃ ရက်နေ့တွင် ၎င်းတို့တင်သွင်းခဲ့သော လျှောက်ထားလွှာ၊ ထွက်ဆိုချက်များ၊ သက်သေခံ စာရွက်စာတမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များကို အသေးစိတ် လေ့လာခဲ့ပြီးနောက် ဆင်ခြင်တုံတရားဖြင့် စစ်ဆေးဆုံးဖြတ်ခဲ့ကြပါသည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ဆင်ခြင်ဆုံးဖြတ်နိုင်ရန်အတွက် အောက်ပါကောက်ချက်များကို ချမှတ်ခဲ့ပါသည်-

**ကောက်ချက်။** အလုပ်သမား ဦးဝေမိုးလွင် (ယာဉ်မောင်း) နှင့် ဦးလားရမ်ဇာအာ (ယာဉ်မောင်း) တို့အား အလုပ်မှ ရပ်စဲခဲ့သည့်အတွက် အလုပ်ထုတ်/ ရပ်စဲမှုနှင့်စပ်လျဉ်းသည့် ခံစားခွင့်များ ရထိုက်ခွင့် ရှိ/မရှိ။

**<u>အမှုဖြစ်စဉ်အကျဉ်းချုပ်နှင့်စစ်ဆေးတွေ့ရှိချက်</u>**

၅။ Oway Travel & Tour Co.,Ltd အလုပ်ရှင် ဒေါ်သီတာအေး နှင့် ယာဉ်မောင်း ဦးဝေမိုးလွင်၊ ဦးလားရမ်ဇာအာ တို့အကြားတွင် အငြင်းပွားမှုဖြစ်ပွားခဲ့ရာ ကုမ္ပဏီသည် ဦးဝေမိုးလွင်အား ၂၂-၆-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ ဦးလားရမ်ဇာအာ အား ၂၇-၁၀-၂၀၂၂ ရက်နေ့အသီးသီးတို့တွင် အလုပ်ရပ်စဲခဲ့မှုအပေါ် အလုပ်သမား ယာဉ်မောင်းတို့မှ ကျေနပ်မှုမရှိ၍ ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ၁၂-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်ရပ်စဲမှုနစ်နာကြေးရရှိလိုကြောင်း တိုင်ကြားခဲ့သဖြင့် ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖြေရှင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ ဆက်လက်ပေးပို့ဆုံးဖြတ်ခဲ့သော အငြင်းပွားမှု ဖြစ်ပါသည်။ ဦးဝေမိုးလွင်သည် ယာဉ်မောင်းလုပ်သားအဖြစ် Oway Travel & Tour Co.,Ltd တွင် လုပ်ငန်းသုံးကားအမျိုးမျိုးကို မောင်းနှင်ခဲ့ရကြောင်း ပေါ်လွင်မှုရှိပါသည်။ ၁-၁၀-၂၀၁၅ ခုနှစ်မှ စတင်အလုပ်ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် အလုပ်ရပ်စဲသည့်အချိန်အထိ လုပ်ကိုင်ခဲ့ရကြောင်း တင်ပြထားပါသည်။ လုပ်ငန်းပိုင်ရှင်၏ တာဝန်ချထားချက်အရ ရခိုင်ပြည်နယ် Huwai Co.,Ltd တွင် (၂၀၁၆)၊ ထားဝယ်မြို့ရှိ IGT Co.,Ltd တွင် (၂၀၁၈ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ)၊ ရန်ကုန်မြို့ ATOM Co.,Ltd တွင် တာဝန်ပေးချက်များနှင့်အညီ ၂၀၂၃ ခုနှစ် အလုပ်ရပ်စဲသည့်အချိန်ထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် ၎င်းမောင်းနှင်ရသည့် ISUZU ကားအစား Ford ကား ပြောင်းလဲမောင်းနှင်ရ၍ လုပ်ငန်းသုံးကားဆီသုံးစွဲမှု နည်းပါးစေရန်အတွက် နေထိုင်ရာ သန်လျင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်ရန်နှင့် မပြောင်းနိုင်ပါက အလုပ်ထွက်ရန် အလုပ်ရှင်မှ ဖိအားပေး တောင်းဆိုခဲ့သည့်အတွက် အလုပ်သမား ဦးဝေမိုးလွင်သည် အလုပ်မှရပ်စဲခံရပြီးနောက် ကားပြန်အပ်ရမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့ပါ၍ အလုပ်ရပ်စဲရန် လုံလောက်သည့် ပြစ်မှု

တစ်စုံတစ်ရာမရှိဘဲ နစ်နာခဲ့ရသည့်အတွက် ဦးဝေမိုးလွင်သည် အလုပ်ရှင်ထံသို့ အလုပ်ရပ်စဲမှုနစ်နာကြေး တောင်းခံခဲ့ရခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၆။ ဦးလားရမ်ဇာအာ တောင်းဆိုမှုကို စိစစ်ရာတွင် ၎င်းသည် Real Reliance Co.,Ltd တွင် ၁-၂-၂၀၁၆ ရက်နေ့တွင် အလုပ်ခန့်ထားခဲ့ပြီး တာဝန်ကျရာ Oway Travel & Tour Co.,Ltd တွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ၂၇-၁၀-၂၀၂၂ရက်နေ့တွင် ဦးလေးဖြစ်သူနေမကောင်း၍ တာမွေမြို့နယ်မှ သန်လျင်သဘာဝတရားရိပ်သာသို့ သွားရောက်ပို့ဆောင်ရာ အရေးပေါ်ကိစ္စဖြစ်ပေါ်နေပြီး လုပ်ငန်းခွင်ရှိ တာဝန်ရှိသူများထံ ဖုန်းအကြိမ်ကြိမ်ဆက်၍ ခွင့်ပြုချက်တောင်းခံခဲ့သော်လည်း ဖုန်းမကိုင်ခဲ့ပါသဖြင့် Driver အားလုံးအား ကုမ္ပဏီမှ ဖွင့်ပေးသော Viber Group ထဲတွင် ထပ်မံ၍ ခွင့်တောင်းခဲ့သည်ကို စိစစ်တွေ့ရှိရပါ၍ စည်းကမ်းနှင့်အညီ ယာဉ်မောင်း ဦးလားရမ်ဇာအာမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းကို လိုက်နာမှုရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထိုကိစ္စကို အကြောင်းပြု၍ အလုပ်မှ ရပ်စဲခဲ့ခြင်းခံရပါသဖြင့် ထိုက်သင့်သည့် နို့တစ်ကြေးနှင့် နစ်နာကြေးကို ရရှိလိုကြောင်း တင်ပြခဲ့ကြသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ ၎င်းတို့နှစ်ဦး၏ ခံစားခွင့်ရှိသည့်လစာ အချိန်ပိုကြေးများနှင့် ခံစားခွင့်များကို ဘဏ်မှ တစ်ဆင့် သက်ဆိုင်ရာ Real Reliance Co.,Ltd သို့ တစ်ဆင့်ပေးချေခဲ့ပါသည်။ ၂၀၂၃ခုနှစ်မှစ၍ Real Reliance Co.,Ltd သည် ငွေကြေးအကြပ်အတည်းဖြစ်လာသဖြင့် Oway Travel & Tour Co.,Ltdမှ ပေးချေခဲ့ရပါကြောင်းနှင့် ၎င်းတို့နှစ်ဦး၏ လုပ်ဆောင်ချက်များကို ကုမ္ပဏီအနေဖြင့် ကြီးကြပ်ကွပ်ကဲမှုရှိကြောင်း ပေါ်လွင်ပါသည်။

<u>သုံးသပ်ချက်</u>

၈။ ဤအငြင်းပွားမှုတွင် ဦးဝေမိုးလွင်သည် ၁-၁၀-၂၀၁၅ ရက်နေ့မှ ၂၇-၆-၂၀၂၃ ရက်နေ့ ကာလအထိ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ကုမ္ပဏီမှ စေလွှတ်သည့် နေရာများသို့ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းမောင်းနှင်သည့် ISUZU ကားအစား Ford အမျိုးအစားကားသို့ ပြောင်းလဲမောင်းနှင်ရသဖြင့် ဆီဖိုးပိုမိုကုန်ကျမှုသက်သာစေရန် အလုပ်ရှင်မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန်နှင့် မပြောင်းနိုင်ပါက ကားပြန်အပ်၍ အလုပ်မှ နုတ်ထွက်ရန် ပြောကြားခဲ့ခြင်းသည် ယာဉ်မောင်း ဦးဝေမိုးလွင် ရရှိသည့်လစာဖြင့် ရန်ကုန်တွင်

အိမ်ငှားနေထိုင်ရန် ခက်ခဲမှုရှိသည့် ပြဿနာကို တာဝန်ရှိသူတို့မှ အလေးထားခြင်းမရှိဘဲ အလုပ်မှ ထွက်စေရန် ဖိအားပေးသကဲ့သို့ ဖြစ်လာရသည်ဖြစ်၍ ဦးဝေမိုးလွင်၏ ကျရာနေရာမှ တာဝန် ထမ်းဆောင်ခဲ့မှုတို့ကို ထောက်ရှု၍ ဥပဒေပါ ခံစားခွင့် အလုပ်ရပ်စဲမှုနစ်နာကြေးပေးသင့်ကြောင်း သုံးသပ်ပါသည်။ ဦးဝေမိုးလွင်၏ ဆန္ဒမဟုတ်ဘဲ ရပ်နားခဲ့ရသည့်အတွက် အလုပ်ရှင်အနေဖြင့် နို့တစ်ကြေးများကို ပေးရန် သင့်ပြီး တစ်ခုသောအတိုင်းအတာအထိ ပြေလည်စွာဆောင်ရွက်နိုင်ရန် ဖန်တီးစီစဉ်ပေးသင့်သော အခြေအနေရှိသင့်ကြောင်း သုံးသပ်ပါသည်။

၉။ ဦးလားရမ်ဇာအာသည် ၂၇-၁၀-၂၀၂၂ ရက်နေ့တွင် အလုပ်ထုတ်ခံရသည်ကို တွေ့ရှိရ၍ ယခုမှ (တစ်နှစ်နီးပါးကြာမှ) တောင်းဆိုခြင်းသည် အလုပ်ရှင်အပေါ် မျှတမှုမရှိနိုင်ကြောင်း သုံးသပ် ပါသည်။ ဥပဒေပိုင်းဆိုင်ရာ အတွေ့အကြုံ ဗဟုသုတ နည်းပါးခြင်းကြောင့်လည်းကောင်း၊ သက်ဆိုင် သူများမှ ထိုက်သင့်သည့် နစ်နာကြေးကို သက်ဆိုင်ရာ ဥပဒေများတွင်လည်း ကာလစည်းကမ်း သတ်မှတ်မှုမရှိထားသည့်အတွက် ယခုမှသာ လုပ်ဖော်ကိုင်ဖက် ဦးဝေမိုးလွင်နှင့်အတူ ရရန်ရှိသော ခံစားခွင့်ကို ဥပဒေနှင့်အညီ တောင်းဆိုခြင်းဖြစ်သည်ဟု မှတ်ယူသော်လည်း ယခုမှ တောင်းဆို သဖြင့် ၎င်းအား နို့တစ်ကြေး ခံစားခွင့်မပြုရန် ခုံအဖွဲ့မှ သုံးသပ်ပါသည်။ ယခုအငြင်းပွားမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိ အဖွဲ့၏ စစ်ဆေးဆုံးဖြတ်ချက်များသည် ဥပဒေနှင့် ညီညွတ် သင့်လျော်သည်ဖြစ်၍ အလုပ်သမား ဦးဝေမိုးလွင်အား နို့တစ်ကြေး လဝက်စာနှင့် အလုပ်ရပ်စဲမှု နစ်နာကြေးများ ခံစားခွင့်ပြုရန်နှင့် ဦးလားရမ်ဇာအာ အား အလုပ်ရပ်စဲမှုနစ်နာကြေးကိုသာ ခံစား ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ အောက်ပါအတိုင်း အတည်ပြုဆုံးဖြတ် လိုက်သည်-

**ဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀-၁၁-၂၀၂၃ နေ့စွဲပါ အငြင်းပွား မှုအမှတ် (၂၁/၂၀၂၃)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း၃၀အတွင်း ပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၂၉အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေ ကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါက်တာစောယုဝင်း | ဦးသောင်းစိန် | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |